# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၁၀၃ / ၂၀၂၃

၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၅ ရက်

( ၂၀၂၃ ခုနှစ်၊ မေလ ၂၃ ရက် )

## ရေအားအရင်းအမြစ်စူးစမ်းလေ့လာရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ မြန်မာနိုင်ငံရှိ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်များ၏ မြစ်ဖျားမှ စတင်ပြီး ပင်လယ်သို့ရောက်သည်အထိ ရေစီးနှုန်းတိုင်းတာရန်နှင့် ရေလမ်းကြောင်းအခြေအနေအပါအဝင် ရေအားအရင်းအမြစ်ပမာဏတို့ကို စူးစမ်းလေ့လာဆောင်ရွက်နိုင်ရေးအတွက် “ **ရေအားအရင်းအမြစ်စူးစမ်းလေ့လာရေးအဖွဲ့** ” ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပါမောက္ခချုပ်<br>မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>မြေတိုင်းဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | တပ်မှူး<br>ရေတပ်ပင်မတိုင်းတာရေးတပ်<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူးချုပ်<br>ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး<br>ဦးစီးဌာန<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ ရေအားအရင်းအမြစ်စူးစမ်းလေ့လာရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) တိုင်းတာရေးလုပ်ငန်းများအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ အကြား ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(ခ) မြစ်ဖျားမှ ပင်လယ်ဝအထိ ရေစီးနှုန်းများ တိုင်းတာဆောင်ရွက်ရန်၊

(ဂ) မြစ်များ၏ မြစ်ဝှမ်းဒေသ (Basin) ဧရိယာ တိုင်းတာတွက်ချက်ဆောင်ရွက်ရန်၊

(ဃ) သဲနှုန်းအနည်ကျမှုနှုန်းကို အသေးစိတ်စူးစမ်းလေ့လာတိုင်းတာဆောင်ရွက်ရန်၊

(င) မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ အချက်အလက်များအား စုစည်းဆောင်ရွက်ရန်၊

(စ) တိုင်းတာရရှိသည့် အချက်အလက်များကို အခြေခံ၍ ရေနည်းချိန်နှင့် ရေများချိန် ရေထုစီးနှုန်းများ တွက်ချက်ဆောင်ရွက်ရန်၊

(ဆ) ရေကြောင်းပို့ဆောင်ရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေပေးဝေရေးစသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လေ့လာဆန်းစစ်ဆောင်ရွက်ရန်၊

(ဇ) မြစ်များတွင် အကောင်အထည်ဖော်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကြောင့် သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်သက်ရောက်နိုင်မှုများအပေါ် လေ့လာဆန်းစစ် ဆောင်ရွက်ရန်၊

(ဈ) ရေအားလျှပ်စစ် ထုတ်လုပ်နိုင်ရေးအတွက် မြစ်ချောင်းတစ်လျှောက် (Low Head Dam) ကဲ့သို့ လျှပ်စစ်ထုတ်လုပ်နိုင်သည့် အဆောက်အဦများ တည်ဆောက်နိုင်မည့် နေရာများကို ရှာဖွေဖော်ထုတ်သွားရန်၊

(ည) မြစ်ကြီး ( ၄ ) သွယ်နှင့် အခြားမြစ်ချောင်းများ၏ ဝဲ/ယာတွင် ရေတင်၍ စိုက်ပျိုး နိုင်သော စိုက်ပျိုးမြေအစုအဖွဲ့များ ရှာဖွေဖော်ထုတ်သွားရန်၊

(ဋ) လိုအပ်သော လုပ်ငန်းအဖွဲ့ခွဲများ ဖွဲ့စည်းဆောင်ရွက်ရန်၊

(ဌ) ရေအားအရင်းအမြစ် စူးစမ်းလေ့လာရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရန်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၇ - ၃ - ၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၃ / ၂၀၂၂ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး